ဝေဝှချက် ခြောက်

# သတို့သမီးကို ပြင်ဆင်ခြင်း

ဖတ်ရန်ကျမ်း။ ။ဗျာ၊၁၉း၇–၉၊ ၁၁–၂၁။ ၂၁း၂

**I. သိုးသငယ်၏မင်္ဂလာဆောင်ပွဲသည် ဘုရားသခင့်ဓမ္မသစ်စီမံကိန်း၏ ပြီးမြောက်ခြင်း၏ရလဒ်ဖြစ်ပြီး၊ ယင်းမှာ ကိုယ်တော်၏ တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းနှင့် ကိုယ်တော်၏ ဘုရားဆိုင်ရာအသက်၌ အသက်ဆိုင်ရာ ကယ်တင်ခြင်းအားဖြင့် အသင်းတော်တည်းဟူသော သတို့သမီးကို ခရစ်တော်အဖို့ ရယူရန်ဖြစ်သည် – က၊၂း၂၂။ ရော၊၅း၁၀။ ဗျာ၊၁၉း၇–၉။ ၂၁း၂၊ ၉–၁၁။**

**II. သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ကိုယ်တော်၏အောင်မြင်သောသူများ အားလုံးဖြင့် ပေါင်းဖွဲ့ထားသည့် ခရစ်တော်၏သတို့သမီးကို ပြင်ဆင်ခြင်းအတွက်ဖြစ်သည် – ၁၉း၇–၉။ ညွန်း၊ က၊၂း၂၂။ မ၊၁၆း၁၈။**

က။ အောင်မြင်သောသူများအားလုံးသည် အစပြုခြင်းနှင့် သစ်လွင်ခြင်းအဆင့်၌ အနှစ်တစ်ထောင်လုံးလုံး ခရစ်တော်၏သတို့သမီးအဖြစ် ယေရုရှလင်မြို့သစ်ဖြစ်လိမ့်မည်ဖြစ်သည် – ဗျာ၊၁၉း၇။

ခ။ နောက်ဆုံးတွင် ယုံကြည်သူများအားလုံးသည် အောင်မြင်သောသူများကို ပေါင်းစည်းဆက်နွယ်မည်ဖြစ်ပြီး၊ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ထာဝရကာလပတ်လုံး ခရစ်တော်၏ဇနီးအဖြစ် အပြည့်အဝဖြစ်ခြင်း၌ ပြီးမြောက်ခြင်းနှင့် ပြည့်ဝစုံလင်ခြင်းရှိသည့် ယေရုရှလင်မြို့သစ်ဖြစ်လိမ့်မည်ဖြစ်သည် – ၂၁း၂၊ ၉–၁၁။

**III. စုပေါင်းထားသော သတို့သမီး၏ အဆင်သင့်ဖြစ်ခြင်းမှာ အောင်မြင်သောသူများ၏ အသက်၌ရင့်ကျက်မှုရှိခြင်းအပေါ်တွင် မူတည်နေသည် – ၁၉း၇–၉။ ဟေဗြဲ၊၆း၁။ ဖိ၊၃း၁၂–၁၅။ ဧ၊၄း၁၃–၁၅။**

က။ ဓမ္မသစ်ကျမ်း၌ *စုံလင်ခြင်း* ဟူသောစကားလုံးမှာ ယုံကြည်သူများ၏ ဘုရားအသက်၌ ပြည့်ဝစွာ ကြီးထွားခြင်း၊ ရင့်ကျက်ခြင်းနှင့် စုံလင်မှုရှိခြင်းကို ရည်ညွှန်းပြီး၊ ကျွန်ုပ်တို့သည် ကြီးထွားခြင်းရှိရမည်ဖြစ်ကာ၊ ဘုရားဆိုင်ရာအသက်၌ စုံလင်းခြင်းသို့ ရောက်သည့်တိုင် ရင့်ကျက်လာဖို့ရန် လိုအပ်ကြောင်း ရည်ညွှန်းသည် – မ၊၅း၄၈။

ခ။ ကျွန်ုပ်တို့သည် ဆက်လက်ကြီးထွားကာ၊ ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်း ပမာဏအရပ်သို့ ရောက်သည့်တိုင် အပြည့်အဝကြီးထွားသောလူဖြစ်လာရန် ဘုရားဆိုင်ရာအသက်၌ ရင့်ကျက်ခြင်းရှိရမည်ဖြစ်သည် – ဧ၊၄း၁၃။

ဂ။ သတို့သမီးသည် ရင့်ကျက်ခြင်းရှိရန်အလို့ငှာ သူမ၏ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် အပြည့်အဝ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်သည် – တိတု၊၃း၁၅။

၁။ ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာသည် ခွဲခြားမရနိုင်သော အရာနှစ်ခု၊ ခရစ်တော်၌ ယုံကြည်သူများ၏ သာလွန်ထူးကဲသော ကောင်းမြတ်ခြင်းများဖြစ်သည် – ၁တိ၊၁း၁၄။ ၂တိ၊၁း၁၃။ ဂလ၊၅း၆။

၂။ ယုံကြည်ခြင်းမှတစ်ဆင့် ကျွန်ုပ်တို့သည် သခင်ဘုရားကို လက်ခံရရှိကြပြီး၊ ချစ်ခြင်းမေတ္တာမှတစ်ဆင့် ကျွန်ုပ်တို့လက်ခံရရှိခဲ့သော သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ကြရသည် – ယော၊၁း၁၂။ ၁၄း၂၁။ ၂၁း၁၅–၁၇။

က။ ယုံကြည်ခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့ထံ ပေးထားခဲ့ပြီး၊ ၎င်းအားဖြင့် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ကိုယ်ထင်ရှားခြင်းဖြစ်သည့် ခရစ်တော်ကို လက်ခံရရှိနိုင်ကြကာ၊ ထိုသို့ဖြင့် သုံးပါးတစ်ပါးဘုရားအထဲသို့ ဝင်ရောက်ကြကာ၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းအဖြစ် ပေါင်းစည်းဆက်နွယ်၍၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ အသက်၊ အသက်မစရာနှင့် အရာခပ်သိမ်းအဖြစ် ရရှိနိုင်ကြသည် – ၂ပေ၊၁း၁။

ခ။ ချစ်ခြင်းမေတ္တာသည် ယုံကြည်ခြင်းမှ ထွက်ပေါ်လာပြီး၊ ခရစ်တော်အထဲသို့ ယုံကြည်ခဲ့ကြသောသူများနှင့်အတူ သုံးပါးတစ်ပါးဘုရား၏ ကြွယ်ဝခြင်းများအားလုံးကို ရှင်ထွက်ရန် ကျွန်ုပ်တို့အား တတ်စွမ်းစေကာ၊ ထိုသို့ဖြင့် သုံးပါးတစ်ပါးဘုရားသည် ဘုန်းထင်ရှားသည့် စုပေါင်းထားသော ထင်ရှားခြင်းကို ရရှိနိုင်မည်ဖြစ်သည် – ဧ၊၃း၁၉–၂၁။

**IV. အသက်၌ ရင့်ကျက်ခြင်းအပြင် သတို့သမီးသည် စုပေါင်းထားသောပုဂ္ဂိုလ်အဖြစ် တည်ဆောက်ခံရခြင်းရှိရမည်ဖြစ်သည် – မ၊၁၆း၁၈။ ဧ၊၂း၂၁–၂၂။ ၄း၁၅–၁၆။ ဗျာ၊၁၉း၇။ ၂၁း၂။**

က။ ဘုရားသခင်၏တည်ဆောက်ခြင်းသည် ဘုရားသခင့်စိတ်နှလုံးတော်၏ အလိုဆန္ဒဖြစ်ကာ၊ ဘုရားသခင့်ကယ်တင်ခြင်း၏ ပန်းတိုင်ဖြစ်သည် – ဧ၊၁း၅၊ ၉။ ထွ၊၂၅း၈။ ၁း၁၁။ ၄၀း၂–၃၊ ၃၄–၃၅။

ခ။ ဘုရားသခင်သည် ဘုရားသခင်နှင့်လူ၊ လူနှင့်ဘုရားသခင် အချင်းချင်း အပြန်အလှန်ကိန်းဝပ်ရာ ဖြစ်လာနိုင်သည့် တည်ဆောက်ခြင်းကို ရရှိရန် ရည်ရွယ်ချက်ရှိသည် – ယော၊၁၅း၄က။ ဗျာ၊၂၁း၂–၃၊ ၂၂။

ဂ။ ဘုရားသခင့်တည်ဆောက်ခြင်း၏ အလေ့အလာမှာ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို လူအထဲသို့ တည်ဆောက်ကာ၊ လူကို မိမိကိုယ်တော်တိုင်အထဲသို့ တည်ဆောက်ခြင်းဖြစ်သည် – ယော၊၁၄း၂၀။ ၁ယော၊၄း၁၅။

၁။ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို လူနှင့်အတူ ရောနှောပေါင်းစည်းခြင်းမှာ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို လူအထဲသို့ တည်ဆောက်နေခြင်းဖြစ်သည်။

၂။ လူသည် ဘုရားသခင်နှင့်အတူ ရောနှောပေါင်းစည်းခြင်းမှာ လူသည် ဘုရားသခင်အထဲသို့ တည်ဆောက်ခံရခြင်း ဖြစ်သည် – ဧ၊၃း၁၇။

ဃ။ ယုံကြည်သူအချင်းချင်းနှင့်အတူ တည်ဆောက်ခံရခြင်းမှာ ကိုယ်တော်၏ သစ္စာရှိသော ရှာဖွေသူများအပေါ် သခင်ဘုရား၏ အဆုံးစွန်သော၊ အမြင့်ဆုံးသော တောင်းဆိုချက်ဖြစ်သည် – ၄း၁၅–၁၆။

င။ ဘုရားဆိုင်ရာအသက်ကို ပါဝင်ဆက်နွှယ်သောသူအချင်းချင်းနှင့်အတူ တည်ဆောက်ခံရခြင်းမှာ ဘုရားသခင်၏ ထာဝရစီမံကိန်း၌ ခရစ်တော်ကို လိုက်လျှောက်သောသူ၏ အမြင့်မားဆုံးသော ကောင်းမြတ်ခြင်းဖြစ်သည် – ၁တိ၊၁း၄။

## V. သတို့သမီး၏ မင်္ဂလာဆောင်ဝတ်ရုံသည် "တောက်ပ၍ စင်ကြယ်သော ပိတ်ချော"ဖြစ်သည် – ဗျာ၊၁၉း၇–၈။

က။ *စင်ကြယ်ခြင်း* မှာ သဘောသဘာဝကို ရည်ညွှန်း၍၊ *တောက်ပခြင်း* မှာ ထင်ရှားခြင်းကို ရည်ညွှန်းသည်။

ခ။ သတို့သမီးဝတ်ဆင်ထားသည့် ပိတ်ချောသည် "သန့်ရှင်းသူများ၏ ဖြောင့်မတ်ခြင်း"ဖြစ်သည် – အငယ်၊၈။

၁။ ခရစ်တော်သည် ဘုရားသခင်က ကျွန်ုပ်တို့ကို ဖြောင့်မတ်ရာသို့ ရောက်စေသည့် ဖြောင့်မတ်ခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာအသက်ကို လက်ခံရရှိရန် ကျွန်ုပ်တို့၏ ဝိညာဉ်၌ အသစ်မွေးဖွားခြင်း ရှိနိုင်မည်ဖြစ်သည် – ၁ကော၊ ၁း၃၀။ ရော၊၈း၁၀။

က။ ကျွန်ုပ်တို့၏ အပြင်ပိုင်း ဖြောင့်မတ်ခြင်းအနေဖြင့် ခရစ်တော်သည် ဘုရားသခင်က ကျွန်ုပ်တို့ကို ဖြောင့်မတ်ရာသို့ ရောက်ရှိစေသည့် အရှင်ဖြစ်သည် – ၃း၂၄၊ ၂၈။ ၅း၁၊ ၉။ ၄း၂၅။ ၅း၂၆၊ ၁၈။

ခ။ ကျွန်ုပ်တို့၏ အတွင်းပိုင်း ဖြောင့်မတ်ခြင်းအနေဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်က ဖြောင့်မတ်ရာသို့ ရောက်စေသည့်အသက်၊ ဘုရားသခင်ထံသို့ အမြဲလက်ခံဖွယ်ဖြစ်သည့် အသက်ကို အသက်ရှင်ရန် ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော အရှင်ဖြစ်သည် – မ၊၅း၆၊ ၂၀။

၂။ ကျွန်ုပ်တို့သည် ခရစ်တော်၌ မြင်ခြင်း ခံရလိုလျှင်၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို ရရှိခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့ကိုယ်ပိုင်မဟုတ်သော ဖြောင့်မတ်ခြင်း၊ ခရစ်တော်၌ရှိသည့် ယုံကြည်ခြင်းမှတစ်ဆင့်ဖြစ်သည့် ဖြောင့်မတ်ခြင်း၊ ဘုရားသခင်ထံမှ ထွက်ပေါ် လာကာ၊ ယုံကြည်ခြင်းကို အခြေခံထားသည့် ဖြောင့်မတ်ခြင်း၏ အခြေအနေကို ဖြည့်ဆည်းရမည်ဖြစ်သည် – ဖိ၊၃း၉။

၃။ သန့်ရှင်းသူများက သူတို့၏ အတွင်းပိုင်း ဖြောင့်မတ်ခြင်းအဖြစ် ရှင်ထွက်သည့် ခရစ်တော်သည် သူတို့၏ မင်္ဂလာဆောင်ဝတ်ရုံဖြစ်လာသည် – ဗျာ၊၁၉း၈။

က။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ရရှိသည့် ဖြောင့်မတ်ခြင်းသည် အပြင်ပိုင်းဆိုင်ရာဖြစ်ပြီး၊ ဖြောင့်မတ်သောဘုရားသခင်၏ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေသည်၊ အောင်မြင်သောသန့်ရှင်းသူများ၏ ဖြောင့်မတ်ခြင်းမှာ အတွင်းပိုင်းဆိုင်ရာဖြစ်ပြီး၊ အောင်မြင်သောခရစ်တော်၏ တောင်းဆိုချက်ကို ဖြည့်ဆည်းရန် သူတို့ကို တတ်စွမ်းစေသည် – ၁ကော၊၁း၃၀။ ဖိ၊၃း၉။

ခ။ မဿ၊၂၂း၁၁–၁၃ ရှိ မင်္ဂလာဆောင်ဝတ်ရုံသည် ကျွန်ုပ်တို့ရှင်ထွက်သော၊ ကျွန်ုပ်တို့၏ သာလွန်ထူးကဲသည့် ဖြောင့်မတ်ခြင်းအဖြစ် နေ့စဉ်အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့မှတစ်ဆင့် ထင်ရှားခြင်းရှိသော ခရစ်တော်ကို ရည်ညွှန်းသည် – ၅း၂၀။ ဗျာ၊၃း၄–၅၊ ၁၈။

## VI. သတို့သမီးကို သတို့သားထံသို့ ဆက်သပေးရန်အလို့ငှာ သတို့သမီးသည် လှပရန် လိုအပ်သည် – သီ၊၁း၁၅–၁၆။ ၄း၁၊ ၇။

က။ သီချင်းတကာ့သီချင်းစာစောင်၌ ချစ်သောသူနှင့် ချစ်နှစ်သက်ရာအရှင် နှစ်ဦးလုံးသည် လှပသည်၊ သူတို့သည် လှပခြင်းကို အချင်းချင်း နှစ်သက်သဘောကျကြသည် – ၁း၁၅–၁၆။ ၄း၁၅၊ ၇။

ခ။ ဖေက်၊၅း၂၇ ၌ သတို့သမီး၏လှပခြင်းကို ပြောဆိုထားပြီး၊ ခရစ်တော်သည် "သန့်ရှင်းလျက်၊ အပြစ်တင်ခွင့် ကင်းလျက်ရှိ၍၊ အညစ်အကြေးတင်ခြင်း သို့မဟုတ် အရေတွန့်ခြင်း သို့မဟုတ် ထိုသို့သောအရာများနှင့် ကင်းလွတ်သည့် ဘုန်းတော်နှင့် ပြည့်စုံသောအသင်းတော်ကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သနိုင်မည်" ဖြစ်ကြောင်း ဖွင့်ပြနေသည်။

ဂ။ သတို့သမီး၏လှပခြင်းသည် အသင်းတော်အထဲသို့ ယူဆောင်ခံရသောသူ၊ အသင်းတော်မှတစ်ဆင့် ထင်ရှားသောသူဖြစ်သည့် ခရစ်တော်ထံမှ လာခြင်းဖြစ်သည် – ၃း၁၇က။

ဃ။ ကျွန်ုပ်တို့၏ တစ်ခုတည်းသော လှပခြင်းမှာ ကျွန်ုပ်တို့အတွင်းမှ ခရစ်တော်၏ ထွန်းလင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ ခရစ်တော် နှစ်သက်တန်ဖိုးထားသောအရာမှာ မိမိကိုယ်တော်တိုင်၏ ထင်ရှားခြင်းဖြစ်သည် – ဆာ၊၅၀း၂။

င။ "သင်သည် တင့်တယ်ခြင်းနှင့် ပြည့်စုံသော ရှင်ဘုရင်ကို ကိုယ်မျက်စိနှင့် မြင်ရလိမ့်မည်" (ဟေရှာ၊၃၃း၁၇က)။ "သင်လှသော

အဆင်းကို ရှင်ဘုရင်သည် နှစ်လိုစုံမက်တော်မူမည်'' (ဆာ၊၄၅း၁၁က)။

စ။ ''ငါ့ချစ်သူ၊ သင်သည် တိရဇာကဲ့သို့ လှ၏။ ယေရှုရှလင်ကဲ့သို့ ချစ်ဖွယ်ကောင်း၏။ အောင်လံထူလျက်ရှိသော စစ်တပ်ကဲ့သို့ ကြောက်မက်ဖွယ်ဖြစ်၏'' – သီ၊၆း၄။

## VII. သတို့သမီးသည် ဘုရားသခင်၏ရန်သူကို နှိမ်နင်းရန်အတွက် စစ်သူရဲလည်းဖြစ်ရမည်ဖြစ်သည် – ဧ၊၆း၁၀။

က။ ဧဖက်၊၅း ၂၅–၂၇ နှင့် ၆း၁၀–၂၀ တွင် အသင်းတော်ကို သတို့သမီးနှင့် စစ်သူရဲအဖြစ် မြင်ရသည်။ ဗျာဒိတ်၊၁၉ တွင် အသင်းတော်၏ ဤသွင်ပြင်နှစ်ခုလုံးကို တွေ့ရသည်။

ခ။ ကိုယ်တော်၏ မင်္ဂလာဆောင်ပွဲနေ့ရက်၌ ခရစ်တော်သည် နှစ်ပေါင်းများစွာ ဘုရားသခင်၏ ရန်သူကို ဆန့်ကျင်စစ်တိုက်ခဲ့သည့် သူများကို လက်ထပ်ထိမ်းမြားလိမ့်မည်ဖြစ်သည်၊ ယင်းမှာ ခရစ်တော်သည် ဆိုးညစ်သောသူကို အောင်မြင်ခဲ့သည့် အောင်မြင်သောသူများကို လက်ထပ်လိမ့်မည်ဖြစ်သည် – အငယ်၊၇–၉။ ၁ယော၊၂း၁၄။

ဂ။ ခရစ်တော်သည် တိုက်ခိုက်သော ဗိုလ်ချုပ်ကြီးအဖြစ် ကြွလာပြီး၊ ကိုယ်တော်၏ သတို့သမီးသည် အာမဂေဒုန်အရပ်၌ အန္တိခရစ်ကို ဆန့်ကျင် တိုက်ခိုက်မည့် ကိုယ်တော်၏စစ်တပ် ဖြစ်လိမ့်မည်ဖြစ်သည် – ဗျာ၊၁၉း၁၁–၂၁။

၁။ ခရစ်တော်ကို ကိုယ်တော်၏ စစ်တပ်နှင့်အတူ ကြွလာသောအခါ သူသည် လူသားတော်အဖြစ် ကြွလာမည်ဖြစ်သည် – မ၊၂၆း၆၄။ ဗျာ၊၁၄း၁၄။

၂။ လူသားတော်အဖြစ် ကိုယ်တော်သည် သူနှင့် လိုက်ဖက်ညီကာ ပြည့်စုံခြင်းရှိစေမည့် အဖော်အဖက်ကို လိုအပ်လိမ့်မည် ဖြစ်သည်။ ဤအဖော်အဖက်သည် ကိုယ်တော်၏ သတို့သမီးဖြစ်လိမ့်မည်ဖြစ်သည် – ယော၊၃း ၂၉။

၃။ သခင်ဘုရားသည် နှုတ်ကပတ်တော်ဖြစ်သောကြောင့် ကိုယ်တော်၏တိုက်ခိုက်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော် ကို ဟောပြောခြင်း ဖြစ်လိမ့်မည်ဖြစ်သည် – ဗျာ၊၁၉း၁၃။

က။ သခင်ဘုရားသည် တိုက်ခိုက်ခြင်းပြုနေစဉ် သူသည် ဘုရားသခင်အတွက် စကားပြောကာ၊ ဘုရားသခင်ကို ထင်ရှားစေခဲ့သည်။

ခ။ အာမဂေဒုန်အရပ်၌ သခင်ဘုရား၏ တိုက်ခိုက်ခြင်းသည် တန်ခိုးစွမ်းအားကြီးမားသည့် ဟောပြောခြင်းဖြစ်လိမ့်မည်ဖြစ်သည်။

၄။ မင်္ဂလာဆောင်ဝတ်ရုံ – ကျွန်ုပ်တို့၏ နေ့စဉ် ဖြောင့်မတ်ခြင်းအဖြစ် ကျွန်ုပ်တို့မှ ရှင်ထွက်သော ခရစ်တော် – သည် ကျွန်ုပ်တို့ကို မင်္ဂလာဆောင်ပွဲ တက်ရောက်ရန်သာမက၊ ခရစ်တော်နှင့်အတူ အာမဂေဒုန်အရပ်၌ အန္တိခရစ်နှင့် စစ်တိုက်မည့် စစ်တပ်သို့ ပေါင်းစည်းဆက်နွယ်စေရန်လည်း တတ်စွမ်းစေသည် – မ၊၂၂း၁၁–၁၂။ ဗျာ၊၁၉း၇–၈၊ ၁၄။

## VIII. စုပေါင်းထားသောခရစ်တော်၊ ကိုယ်တော်၏အောင်မြင်သောသူများနှင့်အတူရှိသည့် ခရစ်တော်သည် ဘုရားသခင်၏ နိုင်ငံတော်ကို ယူဆောင်လာရန် လူသားအစိုးရစုစုပေါင်းကို နင်းချေဖျက်ဆီးသည့် ကျောက်အဖြစ် ကြွလာလိမ့်မည် ဖြစ်သည် – ဒံ၊၂း၃၄–၃၅။ ယောလ၊၃း၁၁။ ဗျာ၊၁၉း၁၁–၂၁။ ညွှန်း၊ က၊၁း၂၆။

က။ ဒံယေလ၊၂ တွင် ခရစ်တော်သည် လက်ဖြင့် မထုမလုပ်သော ကျောက်အဖြစ် ကြွလာခြင်းကို ပြောဆိုထားပြီး၊ ဗျာဒိတ်၊၁၉ တွင် ခရစ်တော်သည် ကိုယ်တော်၏ စစ်တပ်ဖြစ်သည့် ကိုယ်တော်၏ သတို့သမီးနှင့်အတူ ကြွလာသည့်အရှင်ဖြစ်ကြောင်း ပြောထားသည်။

ခ။ ခရစ်တော်သည် အန္တိခရစ်နှင့် လူသားအစိုးရစုစုပေါင်းကို ဆက်ဆံဖြေရှင်းရန် မြေကြီးသို့ မဆင်းကြွလာမီ၊ ကိုယ်တော်သည် မင်္ဂလာဆောင်ပွဲ ကျင်းပမည်ဖြစ်ကာ၊ ကိုယ်တော်၏ အောင်မြင်သောသူများကို မိမိကိုယ်တော်တိုင်ထံသို့ ထုံးဖွဲ့မှုတစ်ခုတည်းအဖြစ် ပေါင်းစည်းစေမည်ဖြစ်သည် – အငယ်၊၇–၉။

ဂ။ မင်္ဂလာဆောင်ပွဲပြီးသည့်နောက် သခင်ဘုရားသည် ကိုယ်တော်၏ လက်ထပ်ပြီးခါစ သတို့သမီးနှင့်အတူ ဘုရားသခင်ကို တိုက်ရိုက်ဆန့်ကျင်တိုက်ခိုက်မည့် အန္တိခရစ်နှင့် သူ၏စစ်တပ်အား ဖျက်ဆီးရန် ကြွလာလိမ့်မည်ဖြစ်သည် – အငယ်၊၁၁၊ ၁၃–၁၅။ ၂သက်၊၂း ၂–၈။

၁။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည့် သခင်ယေရှုသည် နှုတ်တော်ထွက်လေအားဖြင့် တရားမဲ့သောလူ အန္တိခရစ်ကို သတ်ဖြတ်လိမ့်မည်ဖြစ်သည် – ဗျာ၊၁၉း၁၃–၁၅။ ၂သက်၊၂း ၂–၈။

၂။ ခရစ်တော်၏နှုတ်တော်မှ ထက်သောသန်လျက် ထွက်လာပြီး၊ ၎င်းဖြင့် လူမျိုးများကို ဒဏ်ခတ်တော်မူမည်ဖြစ်သည် – ဗျာ၊၁၉း၁၅က။ ညွှန်း၊ ၁း၁၆။ ၂း၁၂၊ ၁၆။

ဃ။ လူသားအစိုးရကို နင်းချေဖျက်ဆီးပြီးနောက် ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို ရှင်းလင်းသန့်စင်စေမည်ဖြစ်သည်။ ထိုနောက် စုပေါင်းထားသောခရစ်တော်၊ ခရစ်တော်နှင့် အောင်မြင်သောသူများသည် မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းသွားမည့် ကြီးမားသောတောင်ဖြစ်လာကာ၊ မြေကြီးတစ်ပြင်လုံးကို ဘုရားသခင်၏ နိုင်ငံတော်ဖြစ်စေမည်ဖြစ်သည် – ဒံ၊၂း၃၅၊ ၄၄။ ၇း၂၂၊ ၂၇။ ဗျာ၊၁၁း၁၅။

*© 2020 Living Stream Ministry*